(တရားဝင်ဘာသာပြန်မဟုတ်)

ဇဟိုမှတ်ပုံတင်ရုံး၊
လာမ်လုကာလမ်း၊ စာတိုက်အမှတ် ၁၂၁၅၀
ဖေဖော်ဝါရီလ (၁၇) ရက် ၂၀၀၉၊

အကြောင်းအရာ။ ။ ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ် ၂) **B.E.2551 (၂၀၀၈) အရ၊ ထိုင်းနိုင်သားမဟုတ်သူများ၏မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့်ကိုယ်ရေးရာဇဝင်မှတ်တမ်းတင်ခြင်း။**

သို့။ ။ ခရိုင်မှတ်ပုံတင်မှူးများနှင့် ဘန်ကောက်မြို့တော်မှတ်ပုံတင်မှူးများ၊

ရည်ညွှန်း။ ။ ၁. ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ် ၂) **B.E.2551 (၂၀၀၈)**

၂. **ဝန်ကြီးဌာနပြဌာန်းချက်၊ ထိုင်းနိုင်ငံသားမဟုတ်သူများ လိုက်နာရမည့်** မှတ်ပုံတင်စည်းမျဉ်းစည်းကမ်းများနှင့်အခကြေးငွေများ **B.E.2551 (၂၀၀၈)**

၃. **ပြည်ထဲရေးဝန်ကြီးဌာနမှထုတ်ပြန်ကြေညာချက်၊ ထိုင်းနိုင်ငံသားမဟုတ်သူတို့၏အိမ်ထောင်စုစာရင်းနှင့်ကိုယ်ရေးရာဇဝင်ကောက်ခံခြင်း၊** ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ **B.E.2534 (၁၉၉၁) အပိုဒ်ခွဲ ၃၈ ကို** ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ် ၂) **B.E.2551 (၂၀၀၈) ဖြင့် ပြန်လည်ပြင်ဆင်ဖြည့်စွက်ချက်အရ၊**

၄. ပြည်သူ့မှတ်ပုံတင်ပြုလုပ်ခြင်း (အမှတ် ၄) **B.E.2551 (၂၀၀၈) အရ၊** ဇဟိုမှတ်ပုံတင်ရုံးမှ **ထုတ်ပြန်သောစည်းမျဉ်း၊**

ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ် ၂) B.E.2551 (၂၀၀၈)သည် စက်တင်ဘာလ ၂၃ ရက်နေ့ ၂၀၀၈ ခုနှစ်တွင် စတင်အကြုံးဝင် အကျိုးသက်ရောက်ပါသည်။ ဤပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ် ၂)သည် ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ B.E.2534 (၁၉၉၁) ကိုပြန်လည်ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင်နေထိုင်သောသူများတွင် ထိုင်းလူမျိုးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အထောက်အထားမရှိသူများ၏ မွေးဖွားကြောင်းအကြောင်းကြားခြင်းနှင့် မှတ်ပုံတင်စာရွက်စာတမ်းများပြုလုပ်ခြင်း၊ ပြဿနာများကို ဖြေရှင်းရန် အပါအဝင် နိုင်ငံရှိလူဦးရေနှင့်ပါတ်သက်၍ စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရန်နှင့် လူပုဂ္ဂိုလ်တစ်ဦးစီအားစစ်ဆေးစိစစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အပြင် ထိုင်းနိုင်ငံသည် နိုင်ငံတကာဆိုင်ရာဥပဒေရေးရာအဖွဲ့၏ အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သကဲ့သို့ နိုင်ငံတကာဥပဒေများဖြစ်သော၊ ဥပမာ – အပြည်ပြည်ဆိုင်ရာကလေးအခွင့်အရေးသဘောတူညီချက် (CRC) ၊ လူမှုရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံအခြားခြင်းသဘောတူစာချုပ်၊ စသည်တို့အား လိုက်နာရန်တာဝန်ရှိပေသည်။

သို့ဖြစ်ပါ၍၊ **ဝန်ကြီးဌာနပြဌာန်းချက်၊ ပြည်ထဲရေးဝန်ကြီးဌာနမှထုတ်ပြန်ကြေညာ**ချက်နှင့် ဇဟိုမှတ်ပုံတင်ရုံးမှ စည်းမျဉ်းများကို ထုတ်ပြန်ပြီး ပြည်သူ့မှတ်ပုံတင်အက်ဥပဒေကို စည်းစနစ်ကျစွာလိုက်နာဆောင်ရွက်သွားရန်အတွက်၊ မြို့နယ်မှတ်ပုံတင်မှူးများနှင့် ဒေသမှတ်ပုံတင်မှူးများ အားလုံးသိစေရန်အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အမှတ် ၂) B.E.2551 (၂၀၀၈)စတင်အကျိုးသက်ရောက်သည့်နေမှစ၍ ဇဟိုမှတ်ပုံတင်ရုံးသည် လုပ်ငန်းအကောင်အထည်ဖော်ရာတွင်တွေ့ကြုံရသော (**ထိုင်းနိုင်ငံတွင်နေထိုင်လျက်ရှိသော ထိုင်းနိုင်ငံသားမဟုတ်သူများ၏ မွေးဖွားကြောင်း အကြောင်းကြားခြင်း၊ မွေးစာရင်းထုတ်ပေးခြင်းနှင့်ကိုယ်ရေးရာဇဝင်မှတ်တမ်းတင်ခြင်း**များအတွက်)လုပ်ဆောင်ရမည့် နည်းလမ်းများနှင့်ပါတ်သက်သော မေးခွန်းများ၊ အကြံဉာဏ်တောင်းခံချက်များရရှိနေပါ၍၊ မှတ်ပုံတင်ရုံး တစ်ရုံးနှင့်တစ်ရုံးနားလည်မှုခြင်းများ ကွဲပြားနေကြောင်းသိရှိရပါသည်။ လုပ်ငန်းလုပ်ဆောင်အကောင်အထည်ဖော်ရာတွင် ဥပဒေ**ပြဌာန်းချက်အ**တိုင်းမဆောင်ရွက် သဖြင့် ပြဿနာများ တွေ့ရှိရခြင်းဖြစ်ကြောင်းနားလည်ရပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလုပ်ငန်းများ လုပ်ဆောင်အကောင်အထည် ဖော်ရာတွင်မှန်ကန်၍ ရှင်းလင်းပြတ်သားစေရန်၊ ခရိုင်မှတ်ပုံတင်မှူးများနှင့် ဘန်ကောက်မြို့တော်မှတ်ပုံတင်မှူးများအား မိမိနားလည်သည့်ကြောင်းအရာများကို မြို့နယ်မှတ်ပုံတင်မှူးများနှင့် ဒေသမှတ်ပုံတင်မှူးများအားလုံးနားလည်သဘောပေါက်စေရန်အတွက် ဆက်လက်အသိပေးသွားနိုင်ရန် အကြောင်းကြားအပ်ပါသည်။

ပြည်သူ့မှတ်ပုံတင်အက်ဥ**ပဒေအရ ထိုင်းနိုင်ငံသားမဟုတ်သူများအတွက် မွေးစာရင်းနှင့်ကိုယ်ရေးမှတ်တမ်းရေးသွင်းခြင်းအတွက်** အသေးစိတ်အချက်အလက်များကို ပူးတွဲပါ စာရင်းတွင်ဖော်ပြထားပါသည်။

## က၊ မွေးဖွားကြောင်း အကြောင်းကြားခြင်းကို လက်ခံခြင်းနှင့်မွေးစာရင်းထုတ်ပေးခြင်း၊

### (၁) **သတ်မှတ်ထားသောအချိန်အတွင်းလျှောက်ထားလာပါက၊**

**အကြောင်းကြားခံရသူမှတ်ပုံတင်အရာရှိသည် အကြောင်းကြား**ခြင်းကိုလက်ခံ၍ မွေးဖွားလာသည့်ကလေး၏ မိဘများသည် ထိုင်းနိုင်ငံတွင်းသို့တရားဝင် ဝင်ရောက်လာသည်ဖြစ်စေ၊ တရားမဝင် ဝင်ရောက်လာသည်ဖြစ်စေ၊ ထိုင်းနိုင်ငံတွင်မွေးဖွား သောနိုင်ငံခြားသားပင်ဖြစ်စေ၊ နှင့် မွေးဖွားလာသည့်ကလေး၏မိခင်ဖခင် အမည်များနှင့်ကိုယ်ရေးရာဇဝင်အချက်အလက်များသည် ပြည်သူ့မှတ်ပုံတင် မှတ်တမ်းတွင် ရှိသည်ဖြစ်စေ၊ မရှိစေဖြစ်စေ၊ (၁၃) လုံးဂဏန်း ကိုယ်ပိုင်နံပါတ်ရှိသည်ဖြစ်စေ၊ မရှိစေဖြစ်စေ ထိုင်းနိုင်ငံတွင် မွေးဖွားသောကလေးငယ်တိုင်းအားမွေးစာရင်း ထုတ်ပေးနိုင်ပါသည်။ ကလေးငယ်ရရှိမည့်မွေးစာရင်းသည် မိခင်ဖခင်တို့၏ထိုင်းနိုင်ငံတွင်နေထိုင်စဉ်ရရှိသော အခွင့်အရေးနှင့်အထောက်အထားပေါ်မူတည်ပါသည်။

ဥပမာ– ဖခင်မှာလူမျိုးနွယ်စုထဲမှဖြစ်ပြီးပါက၊ (၁၃) လုံးဂဏန်း ကိုယ်ပိုင်နံပါတ်၏ ပထမဆုံးသော နံပါတ်သည် (၀) နှင့်စ၍၊ မိခင်သည် ထိုင်းနိုင်ငံတွင်(ပတ်စပို့) ဖြင့်ယာယီနေထိုင်နေပါက၊ ၄င်းတို့မှမွေးဖွားလာသောကလေးငယ်သည် (ထော်ရော်–၃) မွေးစာရင်းနှင့် ဂဏန်း အမှတ်(၇)ဖြင့်စသော ကိုယ်ပိုင်နံပါတ်ကိုရမည်။ အကယ်၍ ဖခင်သည် မြန်မာနိုင်ငံမှ မှတ်ပုံတင်ခဲ့ဖူးသောရွှေ့ပြောင်းအလုပ်သမားဖြစ်ပြီး၊ (၀၀) ဖြင့်စသောကိုယ်ပိုင်အမှတ်ရရှိဖူးသော်လည်း ရှေ့ဆက်သက်တမ်း မတိုးတော့သဖြင့် သက်တမ်းကုန်ဆုံးနေ၍ မိခင်ဖြစ်သူမှာ ကိုယ်ပိုင်အမှတ် (၀) ဖြင့်စသော မည့်သည့်အထောက်မှမရှိသောပုဂ္ဂိုလ်များအတွက်ထုတ်ပေးသောကတ်ကို ကိုင်ဆောင်ထားပါက၊ ၄င်းတို့မှမွေးဖွား လာသောကလေးသည် (ထော်ရော်–၀၃၁) မွေးစာရင်းနှင့် ဂဏန်း အမှတ်(၀)ဖြင့်စသော ကိုယ်ပိုင်နံပါတ်ကိုရမည်။

အကယ်၍ ဖခင်သည်မှတ်ပုံမတင်ဖူးသောရွှေ့ပြောင်းအလုပ်သမားဖြစ်ပြီး၊ (၁၃) လုံးဂဏန်းကိုယ်ပိုင်အမှတ်မရရှိဖူးသူ ဖြစ်၍ မိခင်ဖြစ်သူမှာ လူမျိုးနွယ်စုထဲမှဖြစ်ပြီး စာရင်းကောက်ယူစဉ်ကျန်ရစ်ခဲ့၍ (၁၃) လုံးဂဏန်းကိုယ်ပိုင်အမှတ် မရှိသေးသောသူဖြစ်ပါက၊ ၄င်းတို့မှမွေးဖွားလာသောကလေးသည် (ထော်ရော်–၀၃၁) မွေးစာရင်းနှင့် ဂဏန်း အမှတ်(၀)ဖြင့်စသော ကိုယ်ပိုင်နံပါတ်ကိုရမည်။

### (၂) **သတ်မှတ်ထားသော အချိန်ထက်ကျော်လွန်ပြီးလျှောက်ထားလာသော ရွှေ့ပြောင်းနေထိုင်သူများ၏ ကလေးများအတွက်၊**

**အကြောင်းကြားခံရသူမှတ်ပုံတင်အရာရှိသည် အကြောင်းကြား**ခြင်းကိုလက်ခံ၍ မွေးဖွားသောကလေးငယ်အား ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန်သောစည်းမျဉ်း– အမှတ်စဉ် ၅၈၊ ပြည်သူ့မှတ်ပုံတင်ပြုလုပ်ခြင်း B.E.2535 (၁၉၉၂) အရလိုက်နာလုပ်ဆောင်၍ မွေးစာရင်းထုတ်ပေးရမည်။ ထို့အတူ စည်းမျဉ်း–အမှတ်စဉ် ၅၇ အတိုင်း **မှတ်ပုံတင်အရာရှိသည်** ကလေးမွေးဖွားချိန်တွင်ရှိသော မိခင်ဖခင်၏**အထောက်အထား၊အခြေအနေများ၊ ရွှေ့ပြောင်းနေထိုင်သူ မိခင်ဖခင်မှာ**မည်သည့်အုပ်စုဝင် အမျိုးအစားထဲမှဖြစ်**ကြောင်း စိစစ်စစ်ဆေး၍** မွေးစာရင်းကို **သတ်မှတ်ထားသော အချိန်အတွင်းလျှောက်ထားလာသည့်နည်းတူကလေးမွေးဖွားစဉ်ရှိသည့် မိခင်ဖခင်၏ အထောက်အထားအတိုင်း ထုတ်ပေးရမည်။ ဥပမာ– ဖခင်ဖြစ်သူမှာ ယခုလက်ရှိတွင် (၈) ဖြင့်စသော (၁၃) လုံးဂဏန်းကိုယ်ပိုင်အမှတ် ကိုင်ဆောင်ထား၍ မိခင်ဖြစ်သူမှာ ကိုယ်ပိုင်အမှတ် (၀) ဖြင့်စသောမည့်သည့်အထောက်အထားမှမရှိသောသူ ဖြစ်သော်လည်း ကလေးမွေးဖွားချိန်တွင် ဖခင်ဖြစ်သူမှာ ကိုယ်ပိုင်အမှတ် (၀) ဖြင့်စသော မည့်သည့်အထောက်မှ မရှိသောသူဖြစ်ခဲ့ပါက၊ မှတ်ပုံတင်အရာရှိသည် ကိုယ်ပိုင်အမှတ် (၀) ဖြင့်စသော (ထော်ရော် ၀၃၁) မွေးစာရင်းကို ထုတ်ပေးရမည်။**

**သို့ဖြစ်၍ ဤအချက်ပါမွေးဖွားကြောင်းအကြောင်းကြားခြင်းနှင့်ပါတ်သက်၍ ပြည်သူ့မှတ်ပုံတင်အက်ဥပဒေ (အတွဲ ၂)** B.E.2551 **(၂၀၀၈) စတင်အကြုံးမဝင်မီ ထိုင်းနိုင်ငံတွင် မွေးဖွားသူများအတွက်ပါ ပါဝင်ပါသည်။ သတ်မှတ်ထားသော အချိန်ထက်ကျော်လွန်ပြီးလျှောက်ထားလာသောဂ္ဂိုလ်များသည် မှတ်ပုံမတင်ရသေးသော သူနှင့် (၁၃) လုံးဂဏန်းကိုယ်ပိုင်အမှတ်မရှိသေးသူများဟု သတ်မှတ်ထားခြင်းခံရသော အခြေအနေတွင်ရှိသူများဖြစ်သည်။**

## ခ၊ ကိုယ်ရေးရာဇဝင်မှတ်တမ်းတင်ခြင်းနှင့်အိမ်ထောင်စုစာရင်းတွင်အမည်ထည့်သွင်းခြင်း၊

ထိုင်းနိုင်ငံသားမဟုတ်သူများသည် အိမ်ထောင်စုစာရင်း (ထော်ရော် ၁၄ နှင့် ထော်ရော် ၁၃) များတွင်အမည်ထည့်ဝင်နိုင်ရန်မဖြစ်နိုင်ပါ။

(၁) **အိမ်ထောင်စုစာရင်းတွင်အမည်ထည့်သွင်းခြင်း၊** မွေးဖွားကြောင်း အကြောင်းကြားပြီး၊ ကလေးသည်မွေးစာရင်း (ထော်ရော် ၀၃၁) နှင့် (၀) ဖြင့်စသော (၁၃) လုံးဂဏန်းကိုယ်ပိုင်အမှတ် ရရှိပါက၊ အိမ်ထောင်စုစာရင်းတွင်အမည်ထည့်သွင်းရခြင်းအကြောင်းရင်း (၃)မျိုးမှာ–

(၁.၁) မွေးဖွားကြောင်း အကြောင်းကြားရာတွင် အကယ်၍ ကလေးသည် မိခင်(သို့)ဖခင်တို့၏ အမည်နှင့်ကိုယ်ရေးမှတ်တမ်း စာရင်း (ထော်ရော် ၃၈ ကော်) ရှိရာ ဒေသတွင်မွေးဖွားပါက၊ ပရိုဂရမ်မှ မှတ်ပုံတင်အရာရှိအား ကလေးငယ်၏အမည်ကို မိခင်(သို့)မိခင် ကိုယ်ရေးမှတ်တမ်း စာရင်း (ထော်ရော် ၃၈ကော်)တွင် ထည့်သွင်းရန်ညွှန်ကြားလိမ့်မည်။

(၁.၂) မွေးဖွားကြောင်း အကြောင်းကြားရာတွင် အကယ်၍ ကလေးသည် မိခင်(သို့)ဖခင်တို့၏ အမည်နှင့်ကိုယ်ရေးမှတ်တမ်း စာရင်း (ထော်ရော် ၃၈ ကော်)ရှိရာ မဟုတ်သည့်ဒေသတွင် မွေးဖွားပါက၊ ပရိုဂရမ်မှမွေးစာရင်း (ထော်ရော် ၀၃၁) နှင့်မိတ္တူတစ်စောင်ကို မွေးဖွားကြောင်း အကြောင်းကြားသူအားထုတ်ပေးမည်။ ၄င်းမိတ္တူကို မိခင်(သို့)ဖခင်တို့၏အမည်နှင့်ကိုယ်ရေး မှတ်တမ်းစာရင်း (ထော်ရော် ၃၈ကော်) တွင်ကလေး၏အမည်ကိုထည့်သွင်းရန်အတွက် ၄င်းဒေသရှိရာမှတ်ပုံတင်ရုံးသို့အကြောင်းကြားပေးပို့ရန်နှင့် အိမ်ထောင်စုစာရင်းမပြောင်းလဲစေ ရန်ဖြစ်သည်။

(၁.၂) မွေးဖွားကြောင်း အကြောင်းကြားရာတွင် အကယ်၍ကလေး၏မိခင်ဖခင်တို့သည် (၁၃) လုံး ဂဏန်းကိုယ်ပိုင်အမှတ်မရှိပါက၊ ၄င်းတို့အား မှတ်ပုံတင်မှူးမှ လိပ်စာအမှတ် (၀/၈၉) မှတ်ပုံတင်ရုံး၏လိပ်စာအတိုင်းပါ ဗဟိုကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော်.၃၈ကော) တစ်စောင်ကို ထုတ်ပေးရမည်၊ ဥပမာ– (မူ ၇၇) စသည်ဖြင့်။ ဆက်လက်၍ကလေး၏ အမည်အား မွေးစာရင်းပါအချက်အလက်အတိုင်း ၄င်းကိုယ်ရေး မှတ်တမ်းတွင်ဖြည့်သွင်း ရမည်။ အနာဂါတ်တွင် မိခင်(သို့)ဖခင်ဖြစ်သူသည် အိမ်ထောင်စုစာရင်းနှင့်(၁၃) လုံးဂဏန်းကိုယ်ပိုင်အမှတ်ရရှိပါက၊ ကလေး၏အမည်ကို အထိုပါ အိမ်ထောင်စုစာရင်းဝင် မိခင်(သို့)ဖခင်ဖြစ်သူ၏ ကိုယ်ရေးမှတ်တမ်းစာရင်းတွင်ပြောင်းလဲထည့်သွင်းရမည်။

(၂) အကယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်မြေအုပ်ချုပ်ရေးမှူး၊ မြို့နယ်မှတ်ပုံတင်မှူး(သို့) နယ်မြေမှတ်ပုံတင်မှူးသည် အကြောင်းကြားလာသော ကလေး၏မွေးဖွားခြင်းနှင့်နိုင်ငံသား အခြေ အနေကိုစိစစ်ခြင်းများမပြုလုပ်နိုင်ပါက၊ ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန်သောစည်းမျဉ်းအမှတ် (၅၇နှင့်၅၈)မှ သတ်မှတ်ထားသည့်အတိုင်း စွန့်ပစ်ခံရသည့်မွေးကင်းစကလေး (သို့)မည်သိအရာမှ မသိသေးသော ကလေးနှင့် အိုးမဲ့အိမ်မဲ့ကလေး(သို့)မိဘအမည်မဖေါ်ပြနိုင်သော ကလေး(သို့) မိဘမှစွန့်ပစ်သွားသော ကလေးများအတွက် မွေးဖွားကြောင်း အကြောင်းကြားခြင်းကို ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန်သော စည်းမျဉ်းအမှတ် (၅၉နှင့်၅၉/၁)အတိုင်း မှတ်ပုံတင်မှူးမှ ကိုယ်ရေးမှတ်တမ်းစာရင်း (ထော်ရော် ၃၈ကော) ကို မိခင်ဖခင်(သို့)အုပ်ထိန်းသူ၏ အိမ်ထောင်စု စာရင်း(သို့)ပရဟိတဂေဟာ၏ အိမ်ထောင်စု စာရင်းထဲသို့ ထည့်သွင်းရမည်။ ကိုယ်ပိုင်အမှတ်ကိုမူ မှတ်ပုံတင်အထောက်အထား မရှိသူများအား ပေးသော (၀) ဖြင့်စသော (၁၃) လုံးဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကိုဖြည့်စွက်၍ အထောက်အထား အဖြစ်ထားရှိရမည်)

(၃) အကယ်၍လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်မိမိကိုယ်မိမိ ထိုင်းနိုင်ငံသားဖြစ်သည်ဟုဆို၍ ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန်သောစည်းမျဉ်းအမှတ် (၉၃နှင့်၉၇) အရ အိမ်ထောင်စုစာရင်း(ထော်ရော် ၁၄)တွင် အမည်ဖြည့်သွင်းရန်လျှောက်ထားလာပါက၊ မွေးဖွားခြင်းအထောက်အထားနှင့်နိုင်ငံသားနှင့် ဆိုင်သော ခိုင်လုံသောအထောက်အထားမရှိ၍၊ မှတ်ပုံတင်မှူးမှ ကိုယ်ရေးမှတ်တမ်း (ထော်ရော် ၃၈ကော) ကိုအမည်ဖြည့်သွင်းမည့်အိမ်ထောင်စုစာရင်း ၏လိပ်စာအတိုင်း ဖြည့်စွက်ရမည်။ ကိုယ်ပိုင်အမှတ်ကိုမူမှတ်ပုံတင်အထောက်အထားမရှိသူများအားပေးသော (၀) ဖြင့်စသော (၁၃) လုံးဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကိုဖြည့်စွက်၍အထောက်အထားအဖြစ်ထားရှိရမည်)

(၄) အကယ်၍လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်(သို့) ပုဂ္ဂလိကပရဟိတဂေဟာမှ ခိုကိုးရာမဲ့ကလေးအား ကြည့်ရှုစောင့်ရှောက်ထားလိုသောသဘောထားဖြင့် ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန်သောစည်းမျဉ်း အမှတ်(၉၈)အရ အိမ်ထောင်စုစာရင်းတွင် အမည်ဖြည့်သွင်းလိုပါက၊ မြို့နယ်အုပ်ချုပ်ရေးမှူး(သို့)နယ်မြေ အုပ်ချုပ်ရေးမှူး၊ သတ်မှတ်ထားသော အချိန် အတွင်းမဟုတ်သော မွေးဖွားကြောင်း အကြောင်းကြားခြင်းအဖြစ်သတ်မှတ်၍ ကလေး၏မွေးဖွားခြင်းနှင့် နိုင်ငံသားအခြေအနေကို စိစစ်ခြင်းများပြုလုပ်ရမည်။ အကယ်၍ အမည်ဖြည့်သွင်းလိုသည့်ကလေး၏ မွေးဖွားခြင်းနှင့်နိုင်ငံသား အခြေအနေကိုမစိစစ် နိုင်ပါက၊ မှတ်ပုံတင်မှူးသည် အမည်ဖြည့်သွင်းမည့်အိမ်ထောင်စုစာရင်း(သို့) ပရဟိတဂေဟာ၏လိပ်စာအတိုင်း ကိုယ်ရေးမှတ်တမ်း (ထော်ရော် ၃၈ ကော) ကိုဖြည့်စွက်ရမည်။ ကိုယ်ပိုင်အမှတ်ကိုမူမှတ်ပုံတင်အထောက်အထားမရှိသူများအားပေးသော (၀) ဖြင့်စသော (၁၃) လုံးဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကိုဖြည့်စွက်၍အထောက်အထားအဖြစ်ထားရှိရမည်)

(၅) အကယ်၍ ထိုင်းနိုင်ငံသားမဟုတ်သူအား မှတ်ပုံတင်မှူးမှ အိမ်ထောင်စုစားရင်း(ထော်ရော် (၁၃) ပြုလုပ်မပေးလိုပါက၊ ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန် သောစည်းမျဉ်းအမှတ် (၁၀၅) အတိုင်း မှတ်ပုံတင်မှူးသည်အမည်ဖြည့်သွင်းမည့်အိမ်ထောင်စုစာရင်း၏ လိပ်စာအတိုင်း ကိုယ်ရေးမှတ်တမ်း (ထော်ရော် ၃၈ ကော)ကိုဖြည့်သွင်း၍ ကိုယ်ပိုင်အမှတ်ကိုမူမှတ်ပုံတင်အထောက်အထားမရှိသူများ အားပေးသော (၀) ဖြင့်စသော (၁၃) လုံးဂဏန်းကို ပေးရမည်။ (ပုံစံ ၈၉ ကိုဖြည့်စွက်၍ အထောက်အထားအဖြစ်ထားရှိရမည်)

**၇။** အထက်ပါအမှတ်စဉ် (က)အတိုင်း မွေးဖွားကြောင်းအကြောင်းသူများအား ကိုယ်ပိုင်မှတ်ပုံတင် နံပါတ်ကိုပေးရာတွင်နှင့် အမှတ်စဉ် (ခ)အတိုင်း ကိုယ်ရေးမှတ်တမ်း ပြုလုပ်ရာတွင် အုပ်စုအများစုကို (၀) ဖြင့်စသော (၁၃) လုံးဂဏန်းကို ပေးရမည်။ ဆက်လက်၍၄င်းတို့၏ (၁၃) လုံးဂဏန်းတွင် (၆)ခုမြောက် နှင့်(၇)ခုမြောက် ဂဏန်းများ သည် (၀၀) ဖြင့်အစပြုမည် (0 xxxx 00xxx xx x)။ ၄င်းမှာမည့်သည့် အထောက်အထားမှမရှိသူများ အတွက်ပေးသည့် ဂဏန်းနှင့်ကွဲပြားသည်။ ဆိုလိုသည်မှာ ဇန်နဝါရီလ ၁၈ရက်၊ ၂၀၀၅ခုနှစ် (B.E 2548) တွင်ပြုလုပ်သောဝန်ကြီးများအဖွဲ့၏အစည်းအဝေးသဘောတူညီချက်အရ (၀) ဖြင့်စသည့် မည့်သည့် အထောက် အထားမှမရှိသူများအတွက်ပေးသည့် (၁၃) လုံးဂဏန်း ကိုယ်ပိုင်နံပါတ်တွင် (၆)ခုမြောက် နှင့်(၇)ခုမြောက် ဂဏန်းများ သည် (၈၉) ဖြင့်အစပြုရမည်ဟု သတ်မှတ်ခဲ့ပါသည် (0 xxxx 89xxx xx x)။

မြို့နယ်မှတ်ပုံတင်ရုံးများနှင့်ဒေသဆိုင်ရာမှတ်ပုံတင်ရုံးများအားလုံး အထက်ပါအတိုင်းလိုက်နာလုပ်ဆောင်သွားရန် အသိပေးအကြောင်းကြား အပ်ပါသည်။

လေးစားစွာဖြင့်

နာယ် ဝုန်စပ်က် စဝတ်စ်ဖါနိချ်
ညွှန်ကြားရေးမှူး၊ ဗဟိုမှတ်ပုံတင်ရုံး၊
မှတ်ပုံတင်စီမံခန့်ခွဲရေးရုံး၊
ပြည်သူ့မှတ်ပုံတင်ရုံး၊
တယ်လီဖုန်းအမှတ် ၀–၂၇၉၁–၇၃(၁၃)–၆

**ပြည်သူ့မှတ်ပုံတင်အက်ဥပဒေအရ ထိုင်းနိုင်ငံသားမဟုတ်သူများအတွက် မွေးစာရင်းနှင့်ကိုယ်ရေးမှတ်တမ်း စာရင်း**

| အကြောင်းအရာ/အထောက်အထား | ဖခင်၏ ဦးဆုံးကိုယ်ပိုင်နံပါတ် | မိခင်၏ ဦးဆုံးကိုယ်ပိုင် နံပါတ် | ကလေး၏ ဦးဆုံးကိုယ်ပိုင် နံပါတ် | မွေးစာရင်းအမျိုးအစား | အမည်ရေးသွင်းမည့်အိမ်ထောင်စုစာရင်းအမျိုးအစား |
|---|---|---|---|---|---|
| **၁. ရွှေ့ပြောင်းနေထိုင်သူများ၏ ကလေးများ မွေးစာရင်းလျှောက်ထားခြင်း(သတ်မှတ်ထားသောအချိန်အတွင်းလျှောက်ထားလာလျှင်)** | 8 | 6/7/0/00/မရှိ | 7 | ထော်ရော်.၃ | ဖခင်၏အိမ်ထောင်စုစာရင်း၊ ထော်ရော်.(၁၃) |
| | 6/7/0/00/မရှိ | 8 | 7 | ထော်ရော်.၃ | မိခင်၏အိမ်ထောင်စုစာရင်း၊ ထော်ရော်.(၁၃) |
| | 6/7 | 6/7 | 7 | ထော်ရော်.၃ | ဖခင်(သို့)မိခင်၏အိမ်ထောင်စုစာရင်း၊ ထော်ရော်.(၁၃) |
| | 6/7 | 0/00/မရှိ | 7 | ထော်ရော်.၃ | ဖခင်၏အိမ်ထောင်စုစာရင်း၊ ထော်ရော်.(၁၃) |
| | 0/00/မရှိ | 6/7 | 7 | ထော်ရော်.၃ | မိခင်၏အိမ်ထောင်စုစာရင်း၊ ထော်ရော်.(၁၃) |
| | Passport ပတ်စပို့ | Passport ပတ်စပို့ | 7 | ထော်ရော်.၃ | ဗဟိုအိမ်ထောင်စုစာရင်း၊ ထော်ရော်.(၁၃) |
| | 00 (သက်တမ်းရှိ) | 00 (သက်တမ်းရှိ) | 00 | ထော်ရော်.၀၃ | ဖခင်(သို့)မိခင်၏ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ |
| | 00 (သက်တမ်းရှိ) | 00 (သက်တမ်းကုန်) | 00 | ထော်ရော်.၀၃ | ဖခင်၏ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ |
| | 00 (သက်တမ်းကုန်) | 00 (သက်တမ်းရှိ) | 00 | ထော်ရော်.၀၃ | မိခင်၏ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ |
| | 00 (သက်တမ်းကုန်) | 00 (သက်တမ်းကုန်) | 0 | ထော်ရော်.၀၃၁ | မှတ်ပုံတင်ရုံး၏ဗဟိုကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ ကော |
| | 00 (သက်တမ်းကုန်)/မရှိ | 0 | 0 | ထော်ရော်.၀၃၁ | မိခင်၏ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ ကော |
| | 0 | 00(သက်တမ်းကုန်)/ မရှိ | 0 | ထော်ရော်.၀၃၁ | ဖခင်၏ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ ကော |
| | 0 | 0 | 0 | ထော်ရော်.၀၃၁ | ဖခင်(သို့)မိခင်၏ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ ကော |
| | မရှိ | မရှိ | 0 | ထော်ရော်.၀၃၁ | မှတ်ပုံတင်ရုံး၏ဗဟိုကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ ကော (မှတ်ပုံတင်ရုံး၏ ဗဟိုအိမ်ထောင်စုစာရင်းအတိုင်း) |

| အကြောင်းအရာ/အထောက်အထား | ဖခင်၏ ဦးဆုံးကိုယ်ပိုင်နံပါတ် | မိခင်၏ ဦးဆုံးကိုယ်ပိုင် နံပါတ် | ကလေး၏ ဦးဆုံးကိုယ်ပိုင် နံပါတ် | မွေးစာရင်းအမျိုး အစား | အမည်ရေးသွင်းမည့်အိမ်ထောင်စုစာရင်းအမျိုးအစား |
|---|---|---|---|---|---|
| **၂. သတ်မှတ်ထားသော အချိန် အတွင်းလျှောက်ထားမလာလျှင် (မှတ်ပုံတင်အရာရှိမှ မိခင်၊ဖခင်၏အထောက်အထားပေါ်မူ တည်၍၊ ကလေးမွေးဖွားချိန် မိခင်၊ဖခင်တွင်ရှိသည့်အထောက်အ ထားအတိုင်းမွေးစာရင်းကိုထုတ်ပေး ရမည်။** | | | | | မွေးဖွားလာသောကလေးအတွက် မွေးဖွားကြောင်းလျှောက်ထားပါက၊ အမည်ထဲ့သွင်းရမည့်စာရင်းမှာ အကြောင်းအရာအမှတ်(၁)အတိုင်းဖြစ်သော်လည်း၊ မိခင်နှင့်ဖခင်၏လက်ရှိအထောက်အထားကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ဥပမာ– ကလေးငယ်မွေးဖွားချိန်တွင်မိဖများမှာ (၁၃)လုံးဂဏန်းကိုယ်ပိုင်အမှတ်မရှိသေးသော်လည်း လက်ရှိအချိန်တွင် မိခင်သည် (ဝ)ဖြင့်စသော မှတ်ပုံတင်အမှတ်ရရှိထားပါက၊ ကလေး၏အမည်ကိုမိခင်၏ ကိုယ်ရေးမှတ်တမ်းစာရင်း၊ (ထော်ရော်.၃၈ ကော)တွင်ထည့်သွင်းရပါမည်။ |

| အကြောင်းအရာ/အထောက်အထား | ဖခင်၏ ဦးဆုံးမှတ်ပုံတင်နံပါတ် | မိခင်၏ ဦးဆုံးမှတ်ပုံတင်နံပါတ် | ကလေး၏ ဦးဆုံးမှတ်ပုံတင်နံပါတ် | မွေးစာရင်းအမျိုးအစား | အမည်ရေးသွင်းမည့်အိမ်ထောင်စုစာရင်းအမျိုးအစား |
|---|---|---|---|---|---|
| **၃.ကိုယ်ရေးမှတ်တမ်းစာရင်း ထော်ရော်.၃၈ကော တွင်အမည်ထည့်သွင်းခြင်း၊**<br>**၃.၁** ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန်သောစည်းမျဉ်းအမှတ်စဉ်၅၇နှင့်၅၈ပါအတိုင်း သတ်မှတ်ထားသော အချိန်ထက်ကျော်လွန်ပြီးမှ မွေးစာရင်းလျှောက်ထားခြင်း၊ အမှတ်စဉ် ၅၈ပါအတိုင်း အစွန့်ပြစ်ခံရသူကလေးများအတွက်နှင့်အမှတ်စဉ် ၅၉/၁ပါအတိုင်း မိဖမဲ့ကလေးများအတွက် မွေးဖွားကြောင်း အကြောင်းကြားခြင်းနှင့် အမှတ် ၉၈ ပါ ခိုကိုးရာမဲ့ကလေးများ အတွက်အမည်ထည့်ဝင် ခြင်း (မွေးဖွားခြင်းနှင့် နိုင်ငံသားအထောက်အထားမစိစစ်နိုင်သူများ) | မသိ | မသိ | 0 | မထုတ်ပေးရန် | ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ ကော၊ ခိုလှုံခွင့်ပေးထားသောဂေဟာ၊ အသင်းအဖွဲ့၏အိမ်ထောင်စုစာရင်း အတိုင်း |
| **၃.၁**ဗဟိုမှတ်ပုံတင်ရုံးမှထုတ်ပြန်သောစည်းမျဉ်းအမှတ် ၁၀၅ အရ အိမ်ထောင်စုစာရင်းတွင် အမည်ဖြည့်စွက် လျှောက်ထားသော ရွှေ့ပြောင်းနေထိုင်သူများ( အပိုဒ် ၃၈(၁)အတိုင်းမဟုတ်သူများ ) | 0 / 00/ မရှိ | 0 / 00/ မရှိ | 0 | မထုတ်ပေးရန် | ကိုယ်ရေးမှတ်တမ်းစာရင်း၊ ထော်ရော်.၃၈ ကော၊ အမည်ထည့်သွင်းရန်လျှောက်ထားသောအိမ်ထောင်စု စာရင်း အတိုင်း |